ဟဂ္ဂဲအနာဂတ္တိကျမ်း

1 ဒါရိ မင်းကြီး နန်းစံနှစ် နှစ် ၊ ဆဋမ
လ တ ရက် နေ့ တွင် ၊ ပရောဖက် ဟဂ္ဂဲ အားဖြင့် ယုဒ
မြို့ဝန် ၊ ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း
ယောဇဒက်
သား
ယောရှု ဆီသို့
ထာဝရဘုရား ၏နှုတ်ကပတ် တော် ရောက် လာ၍၊
2 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်
တော် မူ သည်ကား၊ အချိန် မ ရောက် သေး၊ ထာဝရဘုရား
၏ အိမ် တော်ကို တည်ဆောက် ရသောအချိန် မရောက်
သေး ဟု၊ ဤ
လူ များ ပြောဆို ကြသည်မှာ၊
3 ပ ရော ဖက် ဟ ဂ္ဂ ဲ အားဖြင့် ထာဝရဘုရား ၏
နှုတ်ကပတ်
တော်ရောက် လာသည်ကား၊
4 အချင်းလူတို့၊ သင် တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံ
သော အိမ် ၌

နေ ချိန် ရှိလျက်ပင်၊ အိမ် တော်ပျက် လျက် နေရမည်
လော။
5 ယခု မှာ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့် တော်မူသည်ကား၊ ကိုယ်ကျင့်သောအကျင့်
တို့ ကို ဆင်ခြင် ကြလော့။
6 သင်တို့သည် များစွာ သော မျိုးစေ့ ကို ကြဲသော်လည်း
အသီးအနှံနည်းပါး ရ ၏။ စား
ရသော်လည်း ဝ စွာ မ
စားရကြ။ သောက် ရသော်လည်း ဝစွာ မ
သောက် ရကြ။ အဝတ်ကို ဝတ် ရသော်လည်း နွေး စွာ
မ
ဝတ်ရကြ။ အလုပ် လုပ်၍ အခ
ကို ခံရသော်လည်းမ လုံသော အိတ် ထဲမှာ သိုထားရ
ကြ၏။
7 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်
တော်မူသည်ကား၊ ကိုယ် အကျင့် တို့ကို ဆင်ခြင် ကြ
လော့။
8 တောင် ပေါ်သို့ တက် သွား၍
သစ်သား ကို ဆောင် ခဲ့ပြီးလျှင် အိမ် တော်ကို ဆောက်
ကြလော့။ ငါသည် လည်း
အားရ ၍
ငါ၏ဘုန်း သည် ထင်ရှားလိမ့်မည်ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။
9 သင်တို့သည် များစွာ ရမည်ဟု မြော်လင့် သော်လည်း

ရသောဥစ္စာခေါင်းပါး ရ၏။ အိမ် သို့ ရောက် သောအခါ
ငါ မှုတ် လိုက်၏။ အဘယ်ကြောင့် နည်း ဟု၊
ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား
မေး တော်မူ၏။ ငါ့ အိမ်
သည် ပျက် လျက်ရှိသောကြောင့် ၎င်း ၊ သင် တို့သည် အသီးအသီး
မိမိ တို့အိမ် သို့
ပြေး သောကြောင့်၎င်း ဖြစ်သတည်း။
10 ထိုကြောင့် သင် တို့အပေါ် မှာ မိုးယံ၊ ခေါင် သဖြင့်
နှင်း မကျရ။ မြေ သည်လည်း
အသီးအနှံ ကို မ ပေးရ။
11 မြေ ပေါ် ၌၎င်း ၊ တောင် ပေါ် ၌၎င်း ၊ ဆန် စပါး၊
ချိုသောစပျစ်ရည် ၊ ဆီ
အပေါ် ၌၎င်း ၊ မြေ ထဲကထွက် သမျှ
အပေါ် ၌၎င်း ၊ လူ
သတ္တဝါတိရစ္ဆာန် အပေါ် ၌၎င်း ၊ လုပ်ဆောင်
သမျှ အပေါ် ၌၎င်း ၊ သွေ့ခြောက် ခြင်းဘေးကို ငါမှာ
လိုက်လေပြီဟု မိန့်တော်မူ၏။
12 ထိုအခါ
ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း
ယောဇဒက် သား
ယောရှု မှစ၍ ကျန်

ကြွင်းသော သူ
အပေါင်း တို့သည် မိမိ
တို့ဘုရား သခင်ထာဝရဘုရား ၏အမိန့် တော်ကိုငင်း ၊ မိမိ
တို့ ဘုရား
သခင်ထာဝရဘုရား စေခိုင်း တော်မူသောပရောဖက် ဟဂ္ဂဲ စကား ကိုငင်း နားထောင် သဖြင့် ၊ ထာဝရဘုရား
ရှေ့ တော်၌
ကြောက်ရွံ့ ကြ၏။
13 ထိုအခါ
ထာဝရဘုရား မှာ ထားတော်မူသည် အတိုင်း
ထာဝရဘုရား ၏ တမန် ဟဂ္ဂဲ က၊ ငါ သည် သင် တို့ နှင့်အတူ ရှိ၏ဟု၊ ထာဝရဘုရား
မိန့် တော်မူကြောင်းကို လူ
များတို့အား
ဆင့်ဆို လေ၏။
14 ထာဝရဘုရား သည်လည်း၊ ယုဒ
မြို့ဝန် ၊ ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း
ယောဇဒက် သား
ယောရှု မှစ၍ကျန် ကြွင်းသော သူ
အပေါင်း တို့ ကို နှိုးဆော် တော်မူသောအားဖြင့် ၊
15 ဒါရိ မင်းကြီး နန်းစံနှစ် နှစ် ၊ ဆဋမ

လ နှစ်ဆယ် လေး ရက်နေ့ တွင် ၊ သူတို့သည် လာ
၍
မိမိ တို့ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်
ထာဝရဘုရား
၏အိမ် တော်၌
အလုပ် လုပ် ကြ၏။

2

1 သတ္တမ လ နှစ်ဆယ် တ ရက်နေ့တွင် ၊ ပရောဖက် ဟ
ဂ္ဂဲ အားဖြင့် ထာဝရဘုရား ၏ နှုတ်ကပတ် တော် ရောက်
လာ၍၊
2 သင်သည် ယုဒ
မြို့ဝန် ၊ ရှာလသေလ သား
ဇေရုဗဗေလ နှင့်
ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား
ယောရှု
မှစ၍ကျန် ကြွင်းသောသူ တို့အား
ဆင့်ဆို ရမည်မှာ၊
3 ဤ အိမ် တော်သည် ရှေး ဘုန်း နှင့် ပြည့်စုံသည်ကို
မြင် ဘူး၍ သင် တို့တွင်
ကျန် ကြွင်းသော သူ
ကား အဘယ်သူ နည်း။ ယခု
အဘယ် အရာကို မြင် သနည်း။ နှိုင်းယှဉ်လျှင် သင် တို့
မျက်မှောက် ၌

အဘယ် မျှမဟုတ်သကဲ့သို့ ဖြစ်သည်မ ဟုတ်လော။
4 သို့သော်လည်း ၊ အိုဇေရုဗဗေလ
၊ အား
ယူလော့ ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။ အို ယဇ်ပုရောဟိတ် မင်း
ယောဇဒက် သား ယောရှု ၊ အား
ယူလော့။ အိုပြည် သူ ပြည် သားအပေါင်း တို့၊ အား
ယူကြလော့ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။
5 အဲဂုတ္တုတု ပြည်မှ
ထွက် သောအခါ
သင် တို့နှင့်
ငါဖွဲ့
သော ပဋိညာဉ်စကား နှင့်အညီ ငါ သည် သင် တို့နှင့် အတူ ရှိ၏။ ငါ ၏ဝိညာဉ် တော်သည် သင် တို့တွင်
နေရာ ကျ၏။ မ
စိုးရိမ် ကြ နှင့် ဟု၊ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့် တော်မူ၏။
6 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်
တော်မူသည်ကား၊ ကာလမကြာမမြင့် မှီကောင်းကင် ၊ မြေကြီး ၊ ပင်လယ် ၊ ကုန်း တို့ကို တဖန်
ငါ လှုပ် ဦးမည်။

7 လူမျိုး အပေါင်း တို့ကိုလည်း
ငါလှုပ် ဦးမည်။ လူမျိုး
အပေါင်း တို့ နှစ်သက် ဘွယ်သောအရာသည် ရောက်
၍ ၊ ဤ
အိမ် ကို ဘုန်း နှင့် ငါပြည့်စုံ စေမည်ဟု၊ ကောင်းကင်
ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။
8 ရွှေ နှင့် ငွေ ကို ငါ ပိုင် သည်ဟု၊ ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။
9 နောက် တည်သော ဤ
အိမ် တော်သည် အရင်
အိမ်တော်ထက်
ဘုန်း သာ၍ကြီး လိမ့်မည် ဟု၊ ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။ ဤ
အရပ် ၌
လည်း
ငြိမ်သက် ခြင်းကို ငါပေး မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား
မိန့် တော်မူ၏။
10 ဒါရိ မင်းကြီးနန်းစံနှစ် နှစ် ၊ နဝမ

လနှစ်ဆယ်
လေး ရက်နေ့ တွင် ၊ ထာဝရဘုရား
၏နှုတ်ကပတ် တော် သည် ပရောဖက်
ဟဂ္ဂဲ အားဖြင့်ရောက် လာလျက်၊
11 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
က၊ သင်သည် တရား
အမှုကို ယဇ်ပုရောဟိတ် ၌ မေးမြန်း ရမည် မှာ၊
12 လူ သည် သန့်ရှင်း သော အမဲသား
ကို မိမိ
အဝတ်
နှင့် ထုတ် ၍ ဆောင် ခဲ့လျက် ၊ မုန့် ၊ ဟင်း ၊ စပျစ်ရည် ၊ ဆီ
အစရှိသော စားစရာ
တစုံတခု ကို ထိုအဝတ် နှင့် ထိ လျှင် ၊ ထိုစားစရာ သည် သန့်ရှင်း လိမ့်မည်လောဟု မေးမြန်း သော် ၊ ယဇ်ပုရောဟိတ်တို့က၊ ထိုစားစရာသည် မ
သန့်ရှင်းဟု ပြန်ပြော ကြ၏။
13 ဟဂ္ဂဲ ကလည်း ၊ အသေ
ကောင်အားဖြင့် မ
စင်ကြယ်သော သူသည် ထို
အရာတစုံတခု ကိုထိ လျှင်
ညစ်ညူး ခြင်း ရှိ လိမ့်မည် လော ဟု မေးမြန်း သော် ၊ ယဇ် ပုရောဟိတ်တို့က၊ ညစ်ညူး ခြင်းရှိ လိမ့်မည်ဟု ပြန်ပြော ကြ၏။

14 ဟဂ္ဂဲ ကလည်း ၊ ဤ
လူမျိုး ၊ ဤ
ပြည်သား တို့သည် ငါ့ မျက်မှောက် ၌
ထိုအတူဖြစ်ကြ၏။ သူ
တို့လုပ်ဆောင်
သမျှ သည် လည်း
ထိုအတူ ဖြစ်၏။ ငါ့ထံမှာ ပူဇော် သော အရာ သည် လည်း
ညစ်ညူး၏ဟု၊ ထာဝရဘုရား
မိန့်တော်မူ၏။
15 ထာဝရဘုရား၏ဗိမာန် တော်၌
ကျောက် တခု ပေါ်မှာ တခုကို မ
တင် မီ၊ ယခု
နေ့ မှစ၍ အထက် အမှူကို ပြန်ကြည့်ဆင်ခြင် ကြပါ လော့။
16 ထိုကာလတွင် ဆန်အတင်းနှစ်ဆယ် ထွက်ရသော စပါး ပုံသို့
လူလာ သောအခါ
တဆယ် ကိုသာ ရ
၏။ စပျစ်ရည် အိုးငါးဆယ် ကို ယူ
ခြင်းငှါ
စပျစ်သီး နယ်ရာကျင်း သို့
လာ သောအခါ နှစ်ဆယ် ကိုသာ ရ ၏။

17 သင် တို့လုပ်ဆောင် သမျှ တို့တွင် လေထိ၍ အပင်
သေဘေး၊ အရည်ယိုရ်ု သေဘေးဖြင့် ငါသည် ဒဏ်ခတ်
ခဲ့ပြီ။ သို့သော်လည်း ၊ သင် တို့သည် ငါ့ ထံ သို့ပြန်၍ မ
လာကြဟု ထာဝရဘုရား
မိန့် တော်မူ၏။
18 ထာဝရဘုရား ၏ဗိမာန် တော်တိုက်မြစ် ကျ၍၊ နဝမ
လ နှစ်ဆယ် လေး ရက်နေ့ ၊ ယခု
နေ့ မှစ၍ ရှေ့သို့ မျှော်ကြည့် ဆင်ခြင် ကြပါလော့။
ဆင်ခြင် ရမည် အကြောင်းအရာ ဟူမူကား၊
19 စပါး ကျီ၌
စပါး ရှိသလော။ မရှိ။ စပျစ် ပင်၊ သင်္ဘောသဖန်း ပင်၊
သလဲ
ပင်၊ သံလွင် ပင် တို့သည် အသီး
ကို မ
သီးကြသေး။ သို့သော်လည်း၊ ယနေ့
မှစ၍ သင်တို့ကို ငါကောင်းကြီး ပေးမည်ဟု မိန့်တော်
မူ၏။
20 ထိုလ နှစ်ဆယ် လေး ရက်နေ့တွင် ၊ ထာဝရဘုရား
၏နှုတ်ကပတ် တော်သည် ဟဂ္ဂဲ
သို့
တဖန် ရောက် လာ၍၊
21 သင်သည် ယုဒ
မြို့ဝန် ၊ ဇေရုဗဗေလ

ကို ဆင့် ဆိုရမည်မှာ၊ ငါ သည် ကောင်းကင် နှင့် မြေကြီး
ကို လှုပ် မည်။
22 တိုင်း နိုင်ငံတို့၏ ရာဇ
ပလွင်များကို မှောက်လှန် ၍ ၊ အမျိုးမျိုး သော တိုင်း
နိုင်ငံတန်ခိုး ကို ဖျက်ဆီး မည်။ ရထား
နှင့်
ရထား စီး သူရဲတို့ ကိုလည်း
မှောက်လှန် မည်။ မြင်း နှင့်
မြင်း စီး သူရဲ တို့သည် တယောက် ကို တယောက်ခုတ်
၍ လဲ ကြလိမ့်မည်။
23 ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့်
တော်မူသည်ကား၊ အို ရှာလသေလ သား ၊ ငါ့ ကျွန် ဇေ
ရုဗဗေလ
၊ ထိုအခါ သင့် ကိုငါယူ ၍
တံဆိပ် လက်စွပ်ကဲ့သို့ ခန့် ထားမည်ဟု၊ ထာဝရဘုရား
မိန့် တော်မူ၏။ သင့် ကို ငါရွေးချယ်
ပြီဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
မိန့် တော်မူ၏။

မြန်မာကျမ်းစာ

The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-07-28

PDF generated using Haiola and XeLaTeX on 1 Oct 2024 from source files dated 14 Aug 2024
5602fb7e-6c4f-5434-acb0-8e67903ea45f